
ဥက္ကဋ္ဌ ဒီရတ်တာ အက်ဖ် ဥဒ္ဒေါ့ မှ
ပထမဥက္ကဋ္ဌအဖွဲ့ဂင်ဒုတိယအတိုင်ပင်ခံ



# ဖြောင့်မတ်ရာ၌ တည်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။

တရားဟောဆရာနှင့်ဆပ်ပြာသည်

ဘုရားကိုမယုံကြည်သောဆပ်ပြာသည်တစ်ဦးအကြောင်းဂျူးပုံပြင်ဟောင်းတစ်ပုဒ်ရှိတယ်။ တနေ့မှာသူက တရားဟောဆရာနဲ့လမ်းလျှောက်နေရင်းသူက “ကျွန်တော်နားမလည်နိုင်တာတစ်ခုရှိတယ်။ ကျွန်တော်တို့မှာ ထောင်စုနှစ်များစွာကတည်းက ဘာသာရေးရှိနေတယ်။ ဒါပေမယ့်ကြည့်တဲ့နေရာတိုင်းမှာ ဆိုးယုတ်မှု၊ အကျင့်ပျက်မှု၊ မရိုးသားမှု၊ နာကျင်မှု၊ မက်မောမှုနဲ့ အကြမ်းဖက်မှုတို့ရှိတယ်။ ဘာသာရေးကကမ္ဘာကို တိုးတက်ကောင်းမွန်အောင်မလုပ်ဆောင်နိုင်ပုံပဲ။ ဒါကြောင့်ကျွန်တော်သင့်ကိုမေးမယ် ဘာသာရေးက ဘာကောင်းလဲ။”

တရားဟောဆရာက ခဏတော့အဖြေမပေးဘူး ဒါပေမယ့်သူကဆပ်ပြာသည်နဲ့ဆက်ပြီးလမ်းလျှောက်ခဲ့တယ်။ နောက်ဆုံးမှာတော့သူတို့ကစားကွင်းတစ်ခုနားရောက်ရှိသွားတယ်။ အဲ့ဒီမှာဖုန်တွေထူနေပြီးကလေးတွေကအညစ်အကြေးတွေနဲ့ကစားနေတယ်။

“ကျွန်တော်နားမလည်နိုင်တာတစ်ခုရှိတယ်။” လို့တရားဟောဆရာကပြောတယ်။ “အဲ့ဒီကလေးတွေကိုကြည့်ပါ။ ကျွန်တော်တို့မှာ ထောင်စုနှစ်များစွာကတည်းက ဆပ်ပြာရှိနေတယ်။ ဒါပေမယ့် အဲ့ဒီကလေးတွေ ညစ်ပတ်နေတာပဲ။ ဆပ်ပြာကဘာကောင်းလဲ။”

ဆပ်ပြာသည်ကပြန်ပြောတယ် “ဒါပေမယ့်ဆရာရယ် အဲ့ဒီညစ်ပတ်နေတဲ့ကလေးတွေအတွက်နဲ့ဆပ်ပြာကို အပြစ်တင်တာမတရားပါဘူး။ ဆပ်ပြာရဲ့ရည်ရွယ်ချက်မပြီးမြောက်နိုင်ခင်သူ့ကိုသုံးရမယ်။”

“သေချာတာပေါ့” လို့တရားဟောဆရာကပြုံးပြီးပြောတယ်။

ကျွန်တော်တို့ဘယ်လိုအသက်ရှင်မလဲ။

တမန်တော်ပေါလုက ဓမ္မဟောင်းပုရောဖတ်တစ်ပါးကိုကိုးကားပြီး “ဖြောင့်မတ်ရာ၌ တည်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။” (ရောမဩဝါဒစာ ၁း၁၇) လို့ရေးတဲ့အခါ ယုံကြည်သူတစ်ယောက်ဖြစ်ဖို့ဆိုတာ ဘာကိုဆိုလိုလဲ ဆိုတာကို အကျဉ်းချုပ်ဖော်ပြခဲ့တယ်။

ဒီရိုးစင်းတဲ့ဖော်ပြချက်မှာ အားနည်းပြီးမထိရောက်တဲ့ဘာသာရေးနဲ့ဘဝတွေကိုပြောင်းလဲဖို့အစွမ်းရှိတဲ့ အရာအကြား ခြားနားချက်ကို ကျွန်တော်တို့နားလည်ကောင်းနားလည်လိမ့်မယ်။

ဒါပေမယ့် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခြင်းဆိုတာကိုနားလည်ဖို့ ယုံကြည်ခြင်းကဘာလဲဆိုတာကို ကျွန်တော်တို့နားလည်ရမယ်။

ယုံကြည်ခြင်းဆိုတာယုံကြည်ရုံသက်သက်ထက်ပိုတယ်။ ၎င်းသည်အပြုအမူပါဝင်သည့်ဘုရားသခင်အပေါ် လုံးလုံးယုံကြည်စိတ်ချတာဖြစ်တယ်။

၎င်းသည်ဆန္ဒပြုတာထက်ပိုတယ်။

၎င်းသည်အနောက်ဘက်မှာထိုင်ရင်း ခေါင်းညိတ်ပြီးကျွန်တော်တို့သဘောတူပါတယ်လို့ ပြောတာထက်ပိုပါတယ်။ “ဖြောင့်မတ်ရာ၌ တည်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။”လို့ကျွန်တော်တို့ပြောတဲ့အခါ ကျွန်တော်တို့ရဲ့ယုံကြည်ခြင်းဖြင့်ကျွန်တော်တို့ကိုလမ်းပြ၊ ညွှန်ကြားနေတယ်လို့ဆိုလိုတာဖြစ်တယ်။ ကျွန်တော်တို့ရဲ့ယုံကြည်ခြင်းအလိုက်ကျွန်တော်တို့ပြုမူတာဖြစ်ပြီး တွေးတောခြင်းမရှိတဲ့နာခံမှုကြောင့်မဟုတ်ပါ။ သူ့ရဲ့သားသမီးတွေကိုဖွင့်ပြခဲ့တဲ့အဖိုးမဖြတ်နိုင်သောအသိပညာနှင့် ကျွန်တော်တို့ရဲ့ဘုရားသခင်အတွက် ရိုးသားတဲ့အချစ်နဲ့ယုံကြည်စိတ်ချမှုကြောင့်ဖြစ်တယ်။

ယုံကြည်ခြင်းမှာအပြုအမူပါဝင်ရမယ်။ မဟုတ်ရင်အသက်မရှိပါ။ (ရှင်ယာကုဩဝါဒစာ ၂း၁၇) ဒါဟာတကယ့်ယုံကြည်ခြင်းမဟုတ်ပါ။ ၎င်းသည်တစ်ဦးတစ်ယောက်ကိုပြောင်းလဲဖို့အစွမ်းမရှိသောကြောင့် လောကကိုလည်းမပြောင်းလဲနိုင်ပါ။

ယုံကြည်ခြင်းရှိသောယောကျ်ား၊ မိန်းမတို့သည် မသေချာမရေရာသောအချိန်၊ သူတို့ပြည့်ပြည့်စုံစုံမမြင် ဒါမှမဟုတ် ရှင်းရှင်းလင်းလင်းနားမလည်တဲ့အခါသံသယနှင့်ဒုက္ခတွေချိန်မှာတောင်မှ သူတို့၏သနားကြင်နာသော ကောင်းကင်ဘုံရှင်အဖထံမှာ ယုံကြည်စိတ်ချတယ်။

ယုံကြည်ခြင်းရှိသောယောကျ်ား၊ မိန်းမတို့သည်လုံ့လဝီရိယရှိရှိ တပည့်တော်ဖြစ်လမ်းကြောင်းသို့လျှောက်လှမ်းပြီး သူတို့ချစ်ရသောကယ်တင်ရှ

င်ယေရှုခရစ်တော်ရဲ့ပုံပမာအတိုင်းလိုက်လျှောက်ဖို့ကြိုးပမ်းကြတယ်။ ယုံကြည်ခြင်းကတွန်းအားပေးတယ်။ တကယ်တော့ ကျွန်တော်တို့ရဲ့စိတ်နလုံးတွေကောင်းကင်ဘုံသို့ တိမ်းညွတ်ဖို့နဲ့ ကျွန်တော်တို့ရဲ့အပေါင်းအဖော်တွေကိုကောင်းကြီးပေးဖို့၊ မြှင့်တင်ပေးဖို့နဲ့ တက်တက်ကြွကြွလက်ကမ်းဖေးမဖို့လှုံ့ဆော်တယ်။

အပြုအမူမရှိတဲ့ ဘာသာရေးက သေတ္တာထဲမှာကျန်ရှိနေတဲ့ဆပ်ပြာလိုပါပဲ။ သူ့မှာအံ့ဖွယ်စွမ်းဆောင်ရည် ရှိနိုင်တယ်။ ဒါပေမယ့် တကယ်တမ်းတော့ရည်ရွယ်ထားတဲ့သူ့ရဲ့ရည်ရွယ်ချက်ကိုမပြည့်မချင်း ခြားနားစေဖို့သူ့မှာအစွမ်းအနည်းငယ်သာရှိတယ်။ ယေရှုခရစ်တော်၏ပြန်လည်တည်ထောင်ထားသော ဧဝံဂေလိတရားဟာ အပြုအမူပါဝင်တဲ့ဧဝံဂေလိတရားဖြစ်တယ်။ ယေရှုခရစ်တော်၏အသင်းတော်က စစ်မှန်တဲ့ဘာသာရေးကို မျှော်လင့်ခြင်း၊ ယုံကြည်ခြင်းနှင့် မေတ္တာ၏သတင်းကောင်းကဲ့သို့ သင်ကြားတယ်။ ၎င်းတွင် သူတစ်ပါးအားဝိညာဉ်ရေးနှင့်လောကီရေးရာလမ်းစဉ်တွေမှာကူညီခြင်းလည်းပါဝင်တယ်။

လွန်ခဲ့တဲ့လအနည်းငယ်က ကျွန်တော်နဲ့ကျွန်တော့်မိန်းမဟဲရီးယက်ဟာ သားသမီးတချို့နဲ့ မက်ဒီထရိန်းနီးရန်း ဒေသမှာ မိသားစုခရီးထွက်ခဲ့တယ်။ ကျွန်တော်တို့ ဒုက္ခသည်စခန်းတချို့ကိုသွားလည်ပြီး စစ်ပွဲဒဏ်ခံရတဲ့နိုင်ငံများမှ မိသားစုတွေနဲ့ တွေ့ဆုံခဲ့တယ်။ ဒီလူတွေဟာကျွန်တော်တို့ရဲ့အသင်းသားတွေ မဟုတ်ကြဘူး။ ဒါပေမယ့် သူတို့ဟာကျွန်တော်တို့ရဲ့ညီအစ်ကို မောင်နှမများ ဖြစ်ကြပြီး အကူအညီကိုအရေးတကြီးလိုနေခဲ့ကြပါတယ်။ ကျွန်တော်တို့ရဲ့တက်ကြွတဲ့အသင်းသားများဟာ တကယ်လိုအပ်နေတဲ့ကျွန်တော်တို့ရဲ့ အပေါင်းအဖော်တွေကို ဘာသာရေး၊ လူမျိုးရေးနှင့် ပညာရေးတွေကိုမကြည့်ဘဲ အကူအညီ၊ သက်သာမှုနှင့် မျှော်လင့်ခြင်းတို့ကို ယူဆောင်ပေးတာကို ကျွန်တော်တို့လက်တွေ့ကြုံတွေ့ရတဲ့အခါ ကျွန်တော်တို့ရဲ့ နှလုံးသားထဲမှာနက်နက်ရှိုင်းရှိုင်း ခံစားရတယ်။

အပြုအမူနှင့်ကိုက်ညီတဲ့ယုံကြည်ခြင်းကနှလုံးသားကိုကြင်နာခြင်းဖြင့်ပြည့်စေတယ်။ စိတ်ကို ဉာဏ်ပညာနှင့် အသိအမြင်ဖြင့်ပြည့်စေပြီး ဝိညာဉ်ကိုငြိမ်းချမ်းခြင်းနှင့်ချစ်ခြင်းဖြင့်ပြည့်စေတယ်။

ကျွန်တော်တို့ရဲ့ယုံကြည်ခြင်းက ကျွန်တော်တို့နဲ့ ကျွန်တော်တို့အနားမှာရှိတဲ့သူများကို ကောင်းကြီးပေးနိုင်ပြီး ဖြောင့်မတ်စွာလှုံ့ဆော်မှုကိုပေးနိုင်တယ်။ ကျွန်တော်တို့ရဲ့ယုံကြည်ခြင်းကကမ္ဘာကိုကောင်းမြတ်ခြင်းနှင့်ငြိမ်းချမ်းခြင်းဖြည့်စွမ်းပေးနိုင်တယ်။

ကျွန်တော်တို့ရဲ့ယုံကြည်ခြင်းကအမုန်းကိုအချစ်၊ ရန်သူကိုမိတ်ဆွေအဖြစ်ပြောင်းလဲစေနိုင်တယ်။

ထို့နောက် ဖြောင့်မတ်ရာ၌တည်သောသူသည် ယုံကြည်ခြင်း၌ပြုမူခြင်းအားဖြင့် အသက်ရှင်တယ်။ သူတို့သည်ဘုရားသခင်၌စိတ်ချယုံကြည်ကာ သူ၏လမ်းတော်၌လျှောက်လှမ်းပြီး အသက်ရှင်တယ်။

ဒီလိုယုံကြည်ခြင်းမျိုးကတစ်ဦးတစ်ယောက်၊ မိသားစုများ၊ လူမျိုးများနှင့် ကမ္ဘာကိုပြောင်းလဲနိုင်တယ်

---

ဤသတင်းကောင်းမှသွန်သင်ချက်

ဥက္ကဋ္ဌဥဒေ့ါက ယုံကြည်ခြင်းဆိုတာထင်မြင်ယုံကြည်ချက်ကိုဖော်ပြတာထက်ပိုတယ်လို့ရှင်းပြတယ်။ ကောင်းကင်ဘုံရှင်အဖနှင့် ယေရှုခရစ်တော်၌စစ်မှန်တဲ့ယုံကြည်ခြင်းက အပြုအမူလိုအပ်ပြီး ယုံကြည်ခြင်းဖြင့် အသက်ရှင်ခြင်းကဘဝနှင့်အိမ်ကိုပြောင်းလဲစေနိုင်သည့်အစွမ်းရှိတယ်။ သင်သင်ကြားပေးနေတဲ့သူတွေကို ကောင်းကြီးများနှင့် ယုံကြည်ခြင်းဖြင့် အသက်ရှင်ခြင်းအစွမ်းကို သူတို့ကိုယ်တိုင် သို့မဟုတ် အခြားသူများထံမှ လေ့လာစူးစမ်းမိပြီး မြင်တွေ့တဲ့အခါ ထိုအချိန်တွေကိုဝေမျှဖို့ ဖိတ်ခေါ်နိုင်တယ်။ ဧဝံဂေလိတရားအတိုင်းဘယ်လို ပိုကောင်းအောင် အသက်ရှင်ရမလဲဆိုတာကိုသိရန် လမ်းညွှန်မှုအတွက်ဆုတောင်းဖို့သူတို့ကို အားပေးပါ။

## လူငယ်များ

### ယုံကြည်ခြင်း၌တစ်ပါးသူများကိုအစေခံခြင်း

ဥက္ကဋ္ဌဥဒေ့ါက ကျွန်တော်တို့ရဲ့ဘုရားသခင်၌ယုံကြည်ခြင်းက "အပြုအမူပါဝင်ရမယ်"လို့ကျွန်တော်တို့ကို ပြောတယ်။ ကျွန်တော်တို့ရဲ့ယုံကြည်ခြင်းက "အပြုအမူနှင့်ကိုက်ညီ"တဲ့အခါ "ဝိညာဉ်ကိုငြိမ်းချမ်းခြင်းနှင့်ချစ်ခြင်း ပြည့်စေတယ်။" လို့ရှင်းပြတယ်။ ဒီကောင်းကြီးရဲ့ဂတိဖြင့် ကျွန်တော်တို့ခြားနားမှုပြုလုပ်ပြီး ယုံကြည်ခြင်းပြည့်ဝတဲ့ အစေခံခြင်းကိုပြုလုပ်ဖို့အချိန်ယူမယ်ဆိုရင် ကျွန်တော်တို့ဘဝမှာဒီအရာကိုမြင်နိုင်တယ်။ တစ်ပါးသူကို အစေခံခြင်းမှာ ဘုရားသခင်ရဲ့အကူအညီရဖို့အတွက် သင်မနက်တိုင်းဆုတောင်းနိုင်တယ်။ ဥပမာ သင့်ရဲ့မောင်နှမတစ်ယောက်အိမ်အလုပ်မှာအကူအညီလိုတဲ့အခါ သို့မဟုတ် မိတ်ဆွေတစ်ယောက်ချီးကျူးစကား လိုတဲ့အခါသင့်ကိုဖော်ပြဖို့ ဆုတောင်းနိုင်တယ်။ ထို့နောက် ဒီလှုံ့ဆော်ချက်ကိုရရှိတဲ့အခါ လုပ်ဆောင်ပါ။ သင်ဒီဆုတောင်းချက်များနဲ့ ဒီအစေခံခြင်းကိုအလေ့အကျင့်ပြုတဲ့အခါ သင့်ရဲ့သစ္စာရှိပြီး တည်မြဲတဲ့အပြုအမူက သင်ရဲ့ဘဝနှင့်အခြားသူများရဲ့ဘဝတွေကိုကောင်းကြီးပေးမယ်။ ဥက္ကဋ္ဌဥဒေ့ါက "တစ်ဦးတစ်ယောက်၊ မိသားစုများ၊ လူမျိုးများနှင့် ကမ္ဘာကိုပြောင်းလဲနိုင်တယ်။" လို့ဂတိပေးထားတယ်။

## ကလေးများ

### ယုံကြည်စိတ်ချပါ

ဤလှုပ်ရှားမှုကိုသူငယ်ချင်းတစ်ယောက်နှင့်စမ်းလုပ်ကြည့်ပါ။ သင်သူတို့ကိုယုံကြည်ပြီးသူတို့ရဲ့ ညွှန်ကြားချက်များကို ဂရုတစိုက်လိုက်နာရမယ်။

စာရွက်အမဲရောင်တစ်ရွက်ကိုယူပြီး မျက်နှာပုံစက်ဝိုင်းတစ်ခုရေးဆွဲပါ။ လက်ထဲမှ ဘောပင် သို့မဟုတ် ခဲတံကိုကိုင်ပါ။ သင့်မျက်လုံးကိုပိတ်ပါ။ သူငယ်ချင်းကိုအဲ့ဒီမျက်နှာပေါ်မှာ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်နှင့် ဆံပင်ကို ဘယ်မှာဆွဲရမလဲဆိုတာ ပြောခိုင်းပါ။ ပြီးရင်ကြည့်လိုက်ပါ။ ဘယ်လိုပုံဖြစ်လာသလဲ။ သင် မျက်နှာကို အရောင်ချယ်ပြီး နောက်တစ်ပုံဆွဲကာထပ်ကစားနိုင်တယ်။

တစ်ခါတစ်ရံ ညွှန်ကြားချက်များနောက်လိုက်ဖို့ခက်ခဲတယ်။ ဒါပေမယ့် သန့်ရှင်းသောဝိညာဉ်တော်ကို နားထောင်ခြင်းဖြင့် ကောင်းကင်ဘုံရှင်အဖနောက်လိုက်ဖို့ကြိုးစားတဲ့အခါ သူကျွန်တော်တို့ကိုကူညီလိမ့်မယ်။ ကျွန်တော်တို့သူ့ကိုအမြဲယုံကြည်စိတ်ချနိုင်တယ်။

© ၂၀၁၇ မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုပ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၆၊ ဘာသာပြန်ခွင့်ပြုချက် ၆/၁၆၊ ၉၇၉၂၄ ၀၀၀ အားဘာသာပြန်ထားခြင်း။

# ယဇ်ပုရောဟိတ်အခွင့်အာဏာ၏ပဋိညာဉ်နှင့်ကျမ်းသစ္စာကျိန်ဆိုခြင်း

*ဒီအကြောင်းအရာကိုဆုတောင်းလေ့လာပြီး ဝေမျှရမယ့်အရာကိုသိဖို့လမ်းညွှန်ချက်အတွက်ရှာဖွေပါ။ ဂရုဏာအဖွဲ့ ရဲ့ ရည်ရွယ်ချက်ကိုနားလည်ခြင်းက ဘုရားရဲ့ သမီးများကိုထာဝရအသက်ကောင်းကြီးရဖို့အတွက် မည်သို့ပြင်ဆင်ပေးမည်နည်း။*

ယုံကြည်ခြင်း မိသားစု သက်သာမှု

ညီအစ်မများအဖြစ် ကျွန်မတို့ယဇ်ပုရောဟိတ်အခွင့်အာဏာ၏ပဋိညာဉ်နှင့် ကျမ်းသစ္စာကျိန်ဆိုခြင်းကို ပို၍နားလည်လေ ယဇ်ပုရောဟိတ်အခွင့်အာဏာ၏ ဂတိတော်များနှင့် ကောင်းကြီးများကိုဖက်တွယ်လေ ဖြစ်လိမ့်မည်။

တမန်တော်ဆယ့်နှစ်ပါးအဖွဲ့ဝင်အယ်လ်ဒါ အမ် ရဆယ် ဘဲလ်လာ့က "ဘုရားသခင်နှင့်မွန်မြတ်သောပဋိညာဉ်များ ပြုသောသူများနှင့် ထိုပဋိညာဉ်များကိုရိုသေလေးစားသူများအားလုံးဟာ ကိုယ်ပိုင်ရူပါရုံရရှိရန်၊ ကောင်းကင်တမန်များပြုစုလုပ်ကျွေးခြင်းအားဖြင့်ကောင်းကြီးရရှိရန်၊ ဘုရားနဲ့စကားပြောဆိုရန်၊ ပြည့်စုံတဲ့ဧဝံဂေလိတရားရရှိရန်နှင့် နောက်ဆုံးတွင်ယေရှုခရစ်တော်နှင့်အတူ ကျွန်တော်တို့၏အဖထံ၌ရှိသောအရာအားလုံးကို အမွေဆက်ခံသူများဖြစ်လာရန် ထိုက်တန်ကြတယ်။"[၁]

ယဇ်ပုရောဟိတ်အခွင့်အာဏာ၏ပဋိညာဉ်နှင့် ကျမ်းသစ္စာကျိန်ဆိုခြင်းဂတိများနှင့်ကောင်းကြီးများဟာ အမျိုးသား၊ အမျိုးသမီးများအားလုံးနှင့်သက်ဆိုင်တယ်။ ဂရုဏာအဖွဲ့၏အထွေထွေဥက္ကဋ္ဌအဖွဲ့ဝင်အတိုင်ပင်ခံဟောင်း ညီအစ်မ ရှယ်ရီ အယ်လ် ဒူးက "ဘုရားသခင်၏အိမ်တော်၌ အမြင့်ဆုံးဘိသိတ်မင်္ဂလာပြုခြင်းမှာပါဝင်တဲ့ ပြီးပြည့်စုံသောယဇ်ပုရောဟိတ်အခွင့်အာဏာကိုအမျိုးသားနှင့် အမျိုးသမီးအတူတကွရှိမှသာရရှိနိုင်တယ်။"[၂]

ဂရုဏာအဖွဲ့၏အထွေထွေဥက္ကဋ္ဌ ညီအစ်မလင်ဒါ ကေ ဘာတွန်က "ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၈၄ း ၃၃-၄၄မှ ယဇ်ပုရောဟိတ်အခွင့်အာဏာ၏ပဋိညာဉ်နှင့် ကျမ်းသစ္စာကျိန်ဆိုခြင်းကိုမှတ်မိဖို့ သင်တို့ကို ဖိတ်ခေါ်တယ်။ ဒီလိုလုပ်ခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကသင့်ရဲ့ယဇ်ပုရောဟိတ် အခွင့်အာဏာအပေါ် နားလည်ခြင်းကိုကျယ်ပြန့်စေပြီး အံ့သြဖွယ်ကောင်းသောနည်းလမ်းများဖြင့်သင့်ကို ချီးမြှောက်၍လှုံ့ဆော်လိမ့်မည်။"[၃]

ဂရုဏာအဖွဲ့အား ဂျိုးဇက်စမစ်၏ဩဝါဒများက အမျိုးသမီးများကို "ယဇ်ပုရောဟိတ်အခွင့်အာဏာ၏ ဆုကျေးဇူးများ၊ ကောင်းကြီးများနှင့် အခွင့်အရေးများရရှိဖို့" ပြင်ဆင်ရန်ရည်ရွယ်ခဲ့ပါတယ်။ ၎င်းကိုဗိမာန်တော်၏ ဘိသိတ်မင်္ဂလာများအားဖြင့်ပြီးမြောက်စေနိုင်တယ်။

ဗိမာန်တော်၏ ဘိသိတ်မင်္ဂလာများဟာ ယဇ်ပုရောဟိတ်အခွင့်အာဏာ၏ဘိသိတ်မင်္ဂလာများဖြစ်တယ်။ ဒါပေမယ့် အမျိုးသား၊ အမျိုးသမီးများအပေါ် ခရစ်ယာန်သာသနာ့ရာထူးမျိုး အပ်နှင်းမည်မဟုတ်ပါ။ အမျိုးသား ၊ အမျိုးသမီးများသည် အမြင့်မှလာသောတန်ခိုးကို အပ်နှင်းခံရသောအခါ ဤဘိသိတ်မင်္ဂလာများက ဘုရားသခင်၏ဂတိတော်ကိုပြည့်စုံစေတယ်။

### ထပ်၍ပေါင်းထည့်ထားသောကျမ်းချက်များနှင့်သတင်းအချက်အလက်များ

ယုံကြည်ခံယူချက်နှင့် ပဋိညာဉ်ကျမ်း ၈၄ း ၁၉-၄၀၊ ၁၂၁း ၄၅-၄၆၊ reliefsociety.lds.org

မှတ်ချက်များ

၁။. အမ် ရဆယ် ဘဲလ်လာ့ ၊ "အမျိုးသား၊ အမျိုးသမီးများနှင့် ယဇ်ပုရောဟိတ်အခွင့်အာဏာ၏တန်ခိုး" လီရာဟိုနာ၊ စက်တင်ဘာလ၊ ၂၀၁၄၊ ၃၆။

၂။. ရှယ်ရီ အယ်လ် ဒူး ၊ ငါ၏နိုင်ငံတော်မှသမီးများ - ဂရုဏာအဖွဲ့ ၏လုပ်ငန်းနှင့်သမိုင်း (၂၀၁၁)၊ ၁၂၈။

၃။. လင်ဒါ ကေ ဘာတွန် "အားလုံးရနိုင်သည့် ... ယဇ်ပုရောဟိတ်အခွင့်အာဏာတန်ခိုး" ဇွန်လ ၂၀၁၄၊ ၃၉-၄၀။

၄။. ဧဝံဂေလိတရားခေါင်းစဉ် "ယဇ်ပုရောဟိတ်အခွင့်အာဏာ၊ ဗိမာန်တော်နှင့် အမျိုးသမီးများနှင့် ပတ်သက်သော ဂျိုးဇက်စမစ်၏ သွန်သင်ချက်များ" topics.lds.org

### ဒါကိုစဉ်းစားဆင်ခြင်ပါ။

ယဇ်ပုရောဟိတ်အခွင့်အာဏာ၏ပဋိညာဉ်နှင့်ကျမ်းသစ္စာကျိန်ဆိုခြင်းရဲ့ ဂတိပြုထားသောကောင်းကြီးများရရှိရန်နှင့်ပို၍ပြည့်စုံစွာနားလည်နိုင်ဖို့သင်ဘာလုပ်နိုင်လဲ။V

© ၂၀၁၇ မှတ်ပုံတင်ပြီးမူပိုင်ခွင့်ရရှိထားပါသည်။ အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ် ထုတ်ဝေသည်။ အင်္ဂလိပ်ဘာသာခွင့်ပြုချက်: ၆/၁၆၊ ဘာသာပြန်ခွင့်ပြုချက် ၆/၁၆၊ ၉၇၉၂၄ ၀၀၀ အားဘာသာပြန်ထားခြင်း။